# လက်တွေ့ကုသသွေးတိုးကျတိုင်းရင်းဆေးဝါး၏
# သွေးဖိအားလျော့ကျစေသည့် အာနိသင်အားလေ့လာခြင်း

ငွေးလွင် (တိုင်းရင်းဆေးသိပ္ပံ၊ မန္တလေး)

ယနေ့ကမ္ဘာပေါ်တွင် ပျောက်ကင်းအောင်ကုသရန် ခက်ခဲသည့် နာတာရှည် ရောဂါဝေဒနာများခံစားလျက်ရှိကြရာ သွေးတိုးရောဂါသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း သွေးတိုးရောဂါအပါအဝင် အဓိကရောဂါကြီး (၆)မျိုးကို အနောက်တိုင်းဆေးဝါးများနှင့် သာမက တိုင်းရင်းဆေးဝါးများဖြင့်ပါ ကုသနိုင်ရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင်နှုန်းမီစံကိုက် ဆေးဝါးများနှင့် အထောက်အထားခိုင်လုံစိတ်ချရပြီး အာနိသင်ရှိ တိုင်းရင်းဆေးဝါးများ ဖြစ်ထွန်းစေရေးအတွက် စနစ်တကျ သုတေသနပြုဖော်ထုတ်ရန် လိုအပ်ပါသည်။ ယခုသုတေသနတွင် ၂၀၀၇ ခုနှစ်မှစတင်၍ အမရပူရမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရက်သတ္တတစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ ၂ ရက် ကွင်းဆင်းဆေးကုသရာတွင် လာရောက်ကုသမှုခံယူကြသည့် လူနာများအနက် မှတ်တမ်းပြုထားသည့် သွေးတိုးဝေဒနာရှင်(၃၀) ဦးကို အခြေခံ၍ လက်တွေ့အသုံးပြုကုသနေသော သွေးတိုးကျတိုင်းရင်းဆေးဝါး၏ အာနိသင်ကိုသိရှိနိုင်ရန်ဖြစ်ပါသည်။ ထို့ပြင်တိုင်းရင်းဆေးဝါးများ၏ သွေးဖိအားလျော့ကျစေသည့် အာနိသင်ကိုသိရှိပြီး ဝေဒနာရှင်များကုသနိုင်ရန် အတွက်လည်းကောင်း၊ တိုင်းရင်းဆေးဝါးများအား သက်သေအထောက်အထား အခြေပြုဆေးဝါးများ Evidence Based Medicine အဖြစ်သို့ ဆက်လက်သုတေသန ပြုနိုင်ရန်အတွက် ရည်ရွယ်ပါသည်။